ဖွဲ့စည်းပုံနှင့်အခြေခံစည်းမျဉ်း အခန်း(၃) ပုဒ်မ ၁၄ အရ အသင်းဝင်တို့၏ တာဝန်ဝတ္တရားမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) (၂၉-၉-၂၀၁၈) တွင်ပြုလုပ်သော ၇/၂၀၁၈ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေး ဆုံးဖြတ်ချက်အရ အသင်းဝင်များသည် အသင်းဝင်အဆင့်အတန်းအလိုက် သတ်မှတ်ထားသော အောက်ပါ နှစ်စဉ်ကြေးကို သတ်မှတ်ထားသည့် ကာလအတွင်း ပေးသွင်းရမည်။

| စဉ် | အသင်းဝင်အဆင့်အတန်း | သက်တမ်း | အသင်းဝင်ကြေး | နှစ်စဉ်ကြေး | စာရွက်စာတမ်းကြေး |
|---|---|---|---|---|---|
| ၁ | ကျောင်းသားအသင်းဝင် | ကျောင်းပြီးသည့်အထိ | - | - | ၂၀၀၀ |
| ၂ | အသင်းဝင် | ၂ နှစ် | - | ၃၀၀၀၀ | - |
| ၃ | ရာသက်ပန် အသင်းဝင် | ရာသက်ပန် | ၃၀၀၀၀၀ | - | - |

(ခ) အသင်းဝင်များသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ ကို အစဉ်လိုက်နာရမည်။

(ဂ) အသင်းဝင်များသည် အသင်းမှ အခါအားလျော်စွာ ပေးအပ် ထားသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဃ) အသင်းဝင်များသည် အသင်း၏ အမည် ဂုဏ်သတင်းနှင့် အကျိုးကျေးဇူးကို ထိခိုက်စေမည့် အပြုအမူအပြောအဆို လှုပ်ရှားမှု များကို မပြုလုပ်ရ။

ဖွဲ့စည်းပုံနှင့်အခြေခံစည်းမျဉ်း အခန်း(၃) ပုဒ်မ ၁၅ အရ အသင်းဝင်တို့၏ အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) အသင်းမှကျင်းပသော လှုပ်ရှားမှုများ၊ ဟောပြောပွဲသင်တန်း၊ ဆွေးနွေးပွဲ၊ လေ့လာရေးခရီးတို့တွင် တက်ရောက်ပါဝင်နိုင်သည်။

(ခ) အသင်းဝင်များသည် အလုပ်အမှုဆောင်အဖွဲ့မှ ဖွဲ့စည်းပေးသော အဖွဲ့ငယ် (Sub-Committee) တို့တွင် ပါဝင်ဆောင်ရွက်နိုင်သည်။

(ဂ) အသင်းမှ အခါအားလျော်စွာ ဆောင်ရွက်သည့် လူမှုရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ပါဝင်နိုင်သည်။

(ဃ) အသင်း၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်ပါဝင် ဆွေးနွေး အကြံပေးခြင်း၊ အသင်းသို့ အချိန်မရွေး စာဖြင့် ရေးသား အကြံပေးခြင်း ပြုလုပ်နိုင်သည်။

(င) အသင်းဝင်များ၏ အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်မှု ရရှိစေရေး အစီအစဉ်များတွင် ပါဝင်ခွင့်ရှိသည်။

(စ) အသင်းနှင့် ချိတ်ဆက်ထားသော အခြား ဝန်ဆောင်မှု လုပ်ငန်းများတွင် အသင်းဝင်များအနေဖြင့် အထူးခံစားခွင့်များ ရယူနိုင်သည်။

(ဆ) အသင်းနှင့် ချိတ်ဆက်လာသော အလုပ်အကိုင် အခွင့်အလမ်းများအတွက် အသင်းဝင်များအနေဖြင့် ဦးစားပေး အခွင့်အရေး ရယူနိုင်သည်။

အကယ်၍ အထက်ပါ အချက်အလက်များကို မမှန်မကန် ဖြည့်စွက်ထားကြောင်း စိစစ်တွေ့ရှိပါက အသင်းမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် အညီ အရေးယူခံရမည် ဖြစ်ကြောင်း သိရှိပါသည်။
အသင်းဝင်အဖြစ် အတည်ပြုရွေးချယ်ခံရပါက အထက်ဖော်ပြပါ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် .............................................................................

အမည် .............................................................................